ISP On Point 2026
OP2026-08 I November 06, 2026

နာလန်ထူရန် ခက်ခဲမည့် မြန်မာ့အထည်ချုပ်ကဏ္ဍ အကျပ်အတည်း

အထည်ချုပ်လုပ်ငန်းများသည် အမျိုးသမီးများကို အလုပ်အကိုင်အခွင့်အလမ်း အများဆုံးဖန်တီးပေးနေသော လုပ်ငန်းဖြစ်ပြီး လုပ်ငန်းခွင်များထဲတွင် အမျိုးသမီး ၈၅ ရာခိုင်နှုန်းခန့်အထိ ရှိပါသည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ ၂၀၂၅ ခုနှစ် စစ်တမ်းအရ အထည်ချုပ်လုပ်ငန်းခွင်များတွင်ရှိသော အမျိုးသမီးများ၏ ၉၁ ရာခိုင်နှုန်းသည် အခြေခံပညာ အထက်တန်း မအောင်မြင်သေးသောသူများ ဖြစ်ပါသည်။

နာလန်ထူရန် ခက်ခဲမည့် မြန်မာ့အထည်ချုပ်ကဏ္ဍ အကျပ်အတည်း

■ ဖြစ်ရပ်အချက်အလက်

ကိုဗစ်-၁၉ ကပ်ဘေးနဲ့ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း ပြည်တွင်းမှာရှိတဲ့ အထည်ချုပ်စက်ရုံအများအပြား ရပ်နားခဲ့ရပါတယ်။ ၂၀၂၁ ခုနှစ် ဇွန်လအထိ အပြီးပိတ်လိုက်ရတဲ့ စက်ရုံ ၁၄၃ ရုံနဲ့ ယာယီရပ်နားလိုက်တဲ့ စက်ရုံ ၆၃ ရုံ ရှိခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်နောက်ပိုင်းမှာ တရုတ်လုပ်ငန်းရှင်တွေ ပိုင်ဆိုင်တဲ့ စက်ရုံအများအပြား ဝင်ရောက်လာတာကြောင့် အရေအတွက်အရ လျော့မသွားခဲ့ပါဘူး [ISP ဒေတာအချက်အလက် ၆၆/၂၀၂၆ (ISP-DM2026-066) ကို ရှုပါ]။ အခုအချိန်မှာတော့ ပြည်ပအမှာတွေ လျော့ကျလာပြီး တရုတ်အထည်ချုပ်စက်ရုံတွေလည်း ပိတ်သိမ်းရတာမျိုး ဖြစ်လာပါတယ်။ ၂၀၂၆ ခုနှစ်ထဲမှာပဲ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဆီ ပိတ်သိမ်းဖို့အတွက် တင်ပြထားတဲ့ အထည်ချုပ်စက်ရုံ ၁၇ ရုံထက်မနည်း ရှိနေပါတယ်။

■ ကနဦးသုံးသပ်ချက်


မြန်မာ့အထည်ချုပ်လုပ်ငန်း အင်အားယုတ်လျော့လာခြင်းဟာ စစ်အာဏာသိမ်းမှုအလွန် နိုင်ငံရေးအခြေအနေတွေနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။ ဖြစ်ရတဲ့အကြောင်းတရားများစွာထဲကမှ လုပ်ငန်းလည်ပတ်တဲ့ပုံစံ ခေတ်နောက်ကျတာ၊ အခွန်ပေးရတာများပြီး အမြတ်ငွေလျော့နည်းတာ၊ လူအခွင့်အရေးချိုးဖောက်တာတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ဖိအား စတဲ့ အချက်သုံးချက်ကို ထုတ်နုတ်သုံးသပ်ပါမယ်။

မြန်မာနိုင်ငံရဲ့ အထည်ချုပ်လုပ်ငန်းအများစုဟာ CMP (Cut-Make-Pack) ပုံစံနဲ့ လုပ်ဆောင်ကြပါတယ်။ လိုအပ်တဲ့ ကုန်ကြမ်းအားလုံးကို နိုင်ငံခြားဝယ်ယူသူ (buyer) တွေကပေးပြီး ထုတ်လုပ်တဲ့ စက်ရုံတွေက ချုပ်လုပ်မှုအပိုင်းကို တာဝန်ယူရတဲ့စနစ်မျိုး ဖြစ်ပါတယ်။ တာဝန်ယူ လုပ်ရတဲ့အပိုင်း နည်းသလို အကျိုးအမြတ်ရတာလည်း နည်းပါတယ်။ ၂၀၂၃ ခုနှစ် ကမ္ဘာ့ဘဏ်စစ်တမ်းအရ မြန်မာနိုင်ငံက အထည်ချုပ်စက်ရုံတွေရဲ့ စရ ရာခိုင်နှုန်းလောက်ဟာ ကုန်ကြမ်းပစ္စည်းတွေကို နိုင်ငံခြားကနေသဘော်နဲ့ တင်သွင်းကြရပါတယ်။ တခြားတဖက်မှာလည်း မြန်မာနိုင်ငံမှာ တင်သွင်းခွင့်လိုင်စင်ကြောင့် ▸

ISP-MYANMAR • ISP-DM2026-066

၂၀၂၁ ခုနှစ်မှစ၍ တရုတ်အထည်ချုပ်စက်ရုံ အများအပြားတိုးလာ

၂၀၂၁ ခုနှစ်ကနေ ၂၀၂၆ ခုနှစ်အတွင်း တရုတ်လုပ်ငန်းရှင်များပိုင်ဆိုင်သော အထည်ချုပ်စက်ရုံအရေအတွက် တိုးလာသော်လည်း မြန်မာ၊ ကိုရီးယားနှင့် အခြားနိုင်ငံများပိုင် အထည်ချုပ်စက်ရုံအရေအတွက်မှာ လျော့နည်းလာသည်။




ဒေတာအချက်အလက် - ၂၀၁၉ ခုနှစ် စက်တင်ဘာလကနေ ၂၀၂၆ ခုနှစ် စက်တင်ဘာလအထိ။ ISP-Myanmar ၏ လူမှုစီးပွားဆိုင်ရာ လေ့လာမှု (Socioeconomic Studies) သုတေသနပြု လေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ ဒေတာအချက်အလက်များကို မြန်မာအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ လစဉ် သတင်းစာစောင်များမှ ကောက်နုတ်ထားပါသည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

ISP-MYANMAR • ISP-DM2026-067

မြန်မာ့အထည်ချုပ်ထုတ်ကုန် ထက်ဝက်ကျော်ကို အီးယူသို့ တင်ပို့နေ

၂၀၀၀ ပြည့်နှစ်ကာလများတွင် အမေရိကန်ပြည်ထောင်စုသို့ အဓိက တင်ပို့ခဲ့ပြီး ၂၀၀၃ ခုနှစ်နောက်ပိုင်းတွင် စီးပွားရေးပိတ်ဆို့မှုများကြောင့် အာရှဈေးကွက်ကို ပို၍အားထားလာရသည်။ လက်ရှိတွင် အီးယူနိုင်ငံများသို့ အဓိကတင်ပို့နေရပြီး အထည်ချုပ်ထုတ်ကုန် တင်ပို့မှုစုစုပေါင်း၏ ၅၃ ရာခိုင်နှုန်းရှိပါသည်။



ဒေတာအချက်အလက် - ISP-Myanmar ၏ လူမှုစီးပွားဆိုင်ရာ လေ့လာမှု (Socioeconomic Studies) သုတေသနပြု လေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) အစီရင်ခံစာ (၂၀၁၅ ခုနှစ်)နှင့် မြန်မာအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၁၀ နှစ်စီမံကိန်း (၂၀၂၅-၂၀၃၄)တို့မှ ကောက်နုတ်ထားပါသည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

ကုန်ကြမ်းတွေ လိုသလောက်မရနိုင်တဲ့ ပြဿနာတွေ ရှိနေပါတယ်။ ဒါကြောင့် ဥရောပနဲ့ အနောက်နိုင်ငံက ဝယ်ယူသူအများစုဟာ ကုန်ကြမ်းတင်ပို့မှုကအစ တာဝန်ယူရတာများတဲ့ မြန်မာနိုင်ငံထက် ပိုပြီးလွယ်ကူတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက စက်ရုံတွေဘက် လှည့်ခဲ့ပါတယ်။ အဲဒီစက်ရုံတွေဟာ ကုန်ကြမ်းကအစ တာဝန်ယူထုတ်လုပ်တဲ့ FOB (Free-on-Board) စနစ်ကို ကျင့်သုံးကြပါတယ်။

နောက်တချက်ကတော့ အထည်ချုပ်လုပ်ငန်းတွေ အမြတ်အစွန်း နည်းပါးလာတာပါ။ အဓိက အကြောင်းရင်းတခုက နိုင်ငံခြားငွေထိန်းချုပ်မှုကြောင့် ဖြစ်ပါတယ်။ အထည်ချုပ်စက်ရုံတွေဟာ သူတို့ရတဲ့ နိုင်ငံခြားဝင်ငွေရဲ့ ၁၅ ရာခိုင်နှုန်းကို ဗဟိုဘဏ်ညွှန်းနှုန်းနဲ့လဲလှယ်ရပြီး ၈၅ ရာခိုင်နှုန်းကိုပဲ စျေးကွက်နှုန်းနဲ့ လဲရပါတယ်။ ဗဟိုဘဏ်ညွှန်းနှုန်းက ပြင်ပစျေးကွက်ထက်နည်းတာကြောင့် ဘူးလေးရာ ဖရုံဆင့်ဆိုသလို အထည်ချုပ်လုပ်ငန်းတွေဟာ အမြတ်အစွန်းနည်းနည်းပဲ ရပါတယ်။ ၂၀၂၅ ခုနှစ် ဩဂုတ်လမှာ မြန်မာနိုင်ငံကနေ တင်သွင်းလာတဲ့ အဝတ်အထည်တွေအပေါ် အမေရိကန်ပြည်ထောင်စုက ကုန်သွယ်ခွန် ၄၀ ရာခိုင်နှုန်း တိုးခဲ့တာကြောင့်လည်း အမေရိကန်ကို အဓိက တင်ပို့နေတဲ့ အထည်ချုပ်လုပ်ငန်းတွေ ပိတ်သိမ်းခဲ့ရပါတယ်။

တတိယတချက်က လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ဖိအားကြောင့် ဖြစ်ပါတယ်။ အထည်ချုပ်လုပ်ငန်းတွေအနေနဲ့ မြန်မာနိုင်ငံကနေ ထွက်သွားဖို့ပြောင်းဆင်တာဟာ အခုမှ မဟုတ်ပါဘူး။ ၂၀၂၆ ခုနှစ် စက်တင်ဘာလမှာ ပိတ်သိမ်းခဲ့တဲ့ (H&M အမှတ်တံဆိပ်အတွက် အဓိက ချုပ်လုပ်ပေးတဲ့) Teng Hui Myanmar စက်ရုံဟာ ၂၀၂၃ ခုနှစ်ကတည်းက ပိတ်သိမ်းဖို့ ကြေညာခဲ့ပါတယ်။ ဒါ့အပြင် Inditex, Marks & Spencer, C&A and Primark စတဲ့ တခြားနာမည်ကြီး အမှတ်တံဆိပ်တွေကလည်း မြန်မာနိုင်ငံကိုအမှာပို့တာ ရပ်နားထားပါတယ်။ အဓိကအကြောင်းရင်းက စက်ရုံတွေမှာ အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုတွေ များတဲ့အတွက် မြန်မာနိုင်ငံနဲ့ လက်မတွဲဖို့ နိုင်ငံတကာမှာ ဝိုင်းပြီးဖိအားပေးတာကြောင့်ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် ဧပြီလမှာ မြန်မာနိုင်ငံက အလုပ်သမားအဖွဲ့အစည်းတွေက ဥရောပသမဂ္ဂ(အီးယူ)ပါလီမန်ကို စာရေးသားပြီး MADE in Myanmar စီမံကိန်းကို ကန့်ကွက်ခဲ့ကြဖူးပါတယ်။ အဲဒီစီမံကိန်းဟာ အလုပ်ရှင်တွေကိုပဲ ထောက်ပံ့ပေးထားပြီး အလုပ်သမားတွေရဲ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေကို လျစ်လျူရှုထားတယ်၊ အလုပ်ရှင်တွေဟာ အလုပ်သမားသမဂ္ဂခေါင်းဆောင်တွေနဲ့ အဖွဲ့ဝင်တွေရဲ့ ကိုယ်ရေးအချက်အလက်နဲ့ ဓာတ်ပုံတွေကို အာဏာပိုင်တွေဆီပေးပို့ပြီး ခြိမ်းခြောက်ခဲ့တယ်ဆိုတဲ့ အချက်တွေကို အီးယူထံ ပေးပို့တဲ့စာထဲမှာ ထည့်သွင်းခဲ့ပါတယ်။ ဒါ့အပြင် အာဏာသိမ်းမှုနောက်ပိုင်း စစ်တပ်ရဲ့ဖမ်းဆီးသတ်ဖြတ်မှုတွေကြောင့် အလုပ်သမားသမဂ္ဂခေါင်းဆောင်နဲ့ အလုပ်သမားအရေးလှုပ်ရှားသူ ၅၃ ဦးထက်မနည်း သေဆုံးခဲ့ရတာကိုလည်း စီမံကိန်းက လျစ်လျူရှုထားကြောင်း ရေးသားထားပါတယ်။ ၂၀၂၅ ခုနှစ် ဇွန် ၅ ရက်မှာ ပြုလုပ်တဲ့ ၁၁၃ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားညီလာခံ(ILC)ကလည်း မြန်မာနိုင်ငံကို

- ပုဒ်မ ၃၃ (ILO အဖွဲ့ဝင်နိုင်ငံတနိုင်ငံသည် အလုပ်သမားရေးရာ စုံစမ်းစစ်ဆေးရေးကော်မရှင် (COI) သို့မဟုတ် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၏ အကြံပြုချက်များ သို့မဟုတ် ဆုံးဖြတ်ချက်များကို လိုက်နာရန် ပျက်ကွက်သည့်အခါ အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံ(ILC)သို့ သင့်လျော်သော အရေးယူဆောင်ရွက်မှုများကို အကြံပြုနိုင်သည်) ကျင့်သုံးဖို့ အတည်ပြုခဲ့ပါတယ်။ အဲဒီတောင်းဆိုချက်တွေနောက်ပိုင်းမှာ မြန်မာ့အထည်ချုပ်လုပ်ငန်းတွေဆီ အဓိကအမှာအပ်တဲ့ အနောက်နိုင်ငံတွေက အမှာတွေ တဖြည်းဖြည်းလျော့တာ၊ ပိတ်သိမ်းဖို့ ကြေညာတာတွေကို လုပ်ဆောင်ခဲ့ကြပါတယ်။

မြန်မာ့အထည်ချုပ်လုပ်ငန်းတွေဟာ အခုလို အကျပ်အတည်းမျိုးကို အတိတ်မှာလည်း ကြုံခဲ့ရဖူးပါတယ်။ ၂၀၀၀ ပြည့်နှစ်တုန်းက အဓိက တင်ပို့ရတဲ့ဈေးကွက်ဟာ အမေရိကန်နိုင်ငံဖြစ်ပေမဲ့ ၂၀၀၃ ခုနှစ်မှာတော့ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုတွေကြောင့် ဈေးကွက်ဆုံးရှုံးခဲ့ရပါတယ်။ တဆက်တည်းမှာပဲ အီးယူနိုင်ငံတွေရဲ့ ပိတ်ဆို့မှုတွေကိုပါ ခံခဲ့ရပါတယ်။ ဒါကိုကျော်လွှားဖို့အတွက် အာရှဈေးကွက်ထဲဝင်နိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ မြန်မာ့အထည်ချုပ်လုပ်ငန်းတွေရဲ့ အဓိကဈေးကွက်ဟာ ဂျပန်နဲ့ တောင်ကိုရီးယား စတဲ့ နိုင်ငံတွေဖြစ်လာပါတယ်။ ၂၀၁၁ ခုနှစ်မှာ မြန်မာ့အဝတ်အထည်ပို့ကုန်ရဲ့ တဝက်လောက်ဟာ ဂျပန်နိုင်ငံကိုတင်ပို့ခဲ့ပြီး ၃၀ ရာခိုင်နှုန်းလောက်က တောင်ကိုရီးယားနိုင်ငံကို တင်ပို့ခဲ့ပါတယ် [ISP ဒေတာအချက်အလက် ၆၇/၂၀၂၆ (ISP-DM2026-067)ကို ရှုပါ]။

ကိုဗစ်-၁၉ ကာလမှာလည်း အထည်ချုပ်လုပ်ငန်းတွေ ရပ်နားရတဲ့အခြေအနေ ကြုံခဲ့ရပါတယ်။ စက်ရုံ ၄၀ လောက်က အလုပ်သမား ၂၅,၀၀၀ အလုပ်အကိုင်ဆုံးရှုံးခဲ့ပြီး ၃၅၀,၀၀၀ လောက်ဟာ လစာမဲ့အလုပ်ရပ်နားခံခဲ့ရပါတယ်။ အဲဒီတုန်းကတော့ အလုပ်ရပ်နားခံထားရတဲ့ အလုပ်သမားတွေအတွက် ကူညီထောက်ပံ့မှုကို အီးယူက လုပ်ခဲ့ပါတယ်။ 'မြန်ကူ'ပရောဂျက်ကို အကောင်အထည်ဖော်ခဲ့ပြီး အလုပ်ထုတ်ခံလိုက်ရသူတွေနဲ့ အလုပ်ယာယီရပ်နားထားရသူတွေကို ကူညီဖို့၊ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေကို ထောက်ပံ့ကြေးပေးဖို့ ယူရိုငွေငါးသန်းကို ရန်ပုံငွေအဖြစ် ထားခဲ့ပါတယ်။

■ ဖြစ်တန်ခြေအကဲဖြတ်ချက်

အခုကြုံရတဲ့ အကျပ်အတည်းကတော့ အရင်ကြုံရတာထက် ကြီးနိုင်ပါတယ်။ ပထမဆုံးနဲ့ အရေးအကြီးဆုံးကတော့ အမျိုးသမီးအလုပ်သမားအများအပြား အလုပ်အကိုင်ဆုံးရှုံးသွားနိုင်ခြေ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်က မြန်မာ့အထည်ချုပ်လုပ်ငန်းမှာ လုပ်သား ၇၀၀,၀၀၀ နီးပါးရှိပါတယ်။ ကိုဗစ်-၁၉ ကပ်ဘေးနဲ့ စစ်အာဏာသိမ်းမှုအပြီးမှာ လုပ်သား ၂၀၀,၀၀၀ နီးပါး အလုပ်အကိုင်ဆုံးရှုံးခဲ့ရပါတယ်။ တရုတ်အထည်ချုပ်ကုမ္ပဏီတွေနဲ့ ပြန်လည်ဖာထေးနိုင်ခဲ့ပေမဲ့ အရင်လို အလုပ်အကိုင်အခွင့်အလမ်း မပေးနိုင်ခဲ့ပါဘူး။ ၂၀၂၅ ခုနှစ် ဇွန်လမှာ လုပ်သား ၄၅၀,၀၀၀ နီးပါးပဲကျန်ပါတော့တယ်။

အထည်ချုပ်လုပ်ငန်းတွေဟာ အမျိုးသမီးတွေကို အဓိက အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးတဲ့ လုပ်ငန်းဖြစ်ပြီး လုပ်ငန်းခွင်ထဲမှာ အမျိုးသမီး ၈၅ ရာခိုင်နှုန်းခန့်အထိ ရှိပါတယ်။ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ရဲ့ ၂၀၂၅ ခုနှစ် ထုတ်ပြန်ချက်အရ အထည်ချုပ်လုပ်ငန်းခွင်မှာရှိတဲ့ အမျိုးသမီးတွေရဲ့ ၉၁ ရာခိုင်နှုန်းဟာ အထက်တန်း မအောင်မြင်သေးတဲ့သူတွေဖြစ်ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် စီးပွားရေးဆုံးရှုံးမှုကို အစားထိုးနိုင်ခဲ့ရင်တောင် အလုပ်အကိုင်ဆုံးရှုံးမှု (အထူးသဖြင့် ပညာရေးမပြီးမြောက်သေးတဲ့ အမျိုးသမီးတွေအတွက်) ကို ဖြေရှင်းပေးနိုင်ဖို့ ခက်ခဲနိုင်ပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ ပြန်ပြီးနာလန်ထူဖို့ ခက်ခဲနိုင်ပါတယ်။ လက်ရှိ အကျပ်အတည်းကို အရင်က လုပ်နည်းလုပ်ဟန်ဖြစ်တဲ့ အာရှစျေးကွက်ကို ထိုးဖောက်ပြီး ဖြေရှင်းဖို့ဆိုတာလည်း မလွယ်လှပါဘူး။ အခု မြန်မာ့အထည်ချုပ်လုပ်ငန်းတွေရဲ့ တင်ပို့မှုဟာ ဂျပန်နိုင်ငံကို ၂၅ ရာခိုင်နှုန်းနဲ့ တောင်ကိုရီးယားနိုင်ငံကို ၁၀ ရာခိုင်နှုန်း ကျန်နေပါသေးတယ်။ **[ISP ဒေတာအချက်အလက် ၆၇/၂၀၂၆ (ISP-DM2026-067) ကို ရှုပါ]**။ သတိပြုစရာက မြန်မာနိုင်ငံထက် နိုင်ငံရေးနဲ့ လူမှုစီးပွားရေးတည်ငြိမ်တဲ့ ဗီယက်နမ်၊ အင်ဒိုနီးရှားနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က ဂျပန်နဲ့ တောင်ကိုရီးယားစျေးကွက်မှာ ခြေကုပ်ရယူနေပါပြီ။ တရုတ်နိုင်ငံကလည်း မြန်မာနိုင်ငံမှာ စက်ရုံအများအပြား ဖွင့်ခဲ့ပေမဲ့ သူကိုယ်တိုင်က ကြီးမားတဲ့ထုတ်လုပ်သူဖြစ်နေလို့ တင်ပို့ဖို့စျေးကွက်အနေနဲ့ သိပ်မျှော်လင့်လို့မရပါဘူး။

မြန်မာနိုင်ငံမှာ ပြည်ပကုန်ကြမ်း တင်သွင်းရာကနေ ဖြစ်နေတဲ့ ကုန်ကျစရိတ်ကြီးမြင့်မှုနဲ့ ကုန်ပစ္စည်းပြတ်တောက်မှုတွေကို ဖြေရှင်းနိုင်ဖို့၊ အကျိုးအမြတ်ပိုရဖို့အတွက် CMP စနစ်ကနေ FOB စနစ်ကို ကူးပြောင်းဖို့ လိုအပ်နေပေမဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ ငွေကြေးအခက်အခဲတွေကြောင့် လက်တွေ့လုပ်ဆောင်နိုင်ဖို့ ခဲယဉ်းပါတယ်။ ဝယ်ယူသူတွေဘက်မှာ တာဝန်ယူရမှုနည်းတဲ့ FOB စနစ်နဲ့ အထည်ချုပ်လုပ်ငန်းတွေကို ပိုပြီးစိတ်ဝင်စားတဲ့အတွက် မြန်မာနိုင်ငံဟာ စျေးကွက်ယှဉ်ပြိုင်မှုမှာ တခြားနိုင်ငံတွေနဲ့ ယှဉ်ပြိုင်နိုင်စွမ်း အားနည်းပါတယ်။ အီးယူနိုင်ငံတွေက အလေးထားသုံးသပ်ကြတဲ့ အလုပ်သမားအခွင့်အရေးချိုးဖောက်ခံရတာတွေနဲ့ ဖမ်းဆီးထားတဲ့ အလုပ်သမားတွေရဲ့ ပြဿနာကို ဖြေရှင်းပေးနိုင်စွမ်းကလည်း အားရစရာမရှိပါဘူး။ ဒါကြောင့် မြန်မာအထည်ချုပ်လုပ်ငန်းတွေအနေနဲ့ နည်းလမ်းဟောင်းအတိုင်း အာရှစျေးကွက်ကို ထိုးဖောက်ဖို့ရော၊ တင်ပို့မှုရဲ့ ၆၀ ရာခိုင်နှုန်းနီးပါးကို မှာယူနေတဲ့ အနောက်ဥရောပနိုင်ငံတွေရဲ့ လစ်လပ်သွားမှုကိုပါ အစားထိုးနိုင်ဖို့အတွက် ခက်ခဲနေဦးမှာဖြစ်ပါတယ်။ ဒီအတွက် အရေးအကြီးဆုံးဖြစ်တဲ့ ငွေလဲနှုန်းတည်ငြိမ်အောင် လုပ်သင့်ပါတယ်။ ပို့ကုန်သွင်းကုန်မူဝါဒတွေအနေနဲ့ ကုန်သွယ်ရေး ပိုမိုလွယ်ကူအဆင်ပြေအောင် အမြန်ဆုံး ပြောင်းလဲသင့်ပါတယ်။ လွတ်တော်တွင်း အဖြေရှာမှုတွေအပြင် လုပ်ငန်းရှင်တွေအကြား ဖောက်ထွက်စဉ်းစားနိုင်တဲ့ နည်းသစ်တွေထွက်လာအောင်လည်း အားပေးကြဆောင်ကြရမှာဖြစ်ပါတယ်။ ■